ပုံစံ(၉)

နုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၁၇(ဃ) }

နုံသမာဓိအဖွဲ့

ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်မြို့

အငြင်းပွားမှုအမှတ်( ၂၄/၂၀၂၄ )

| | |
|---|---|
| ဦးတင့်နိုင်ဝင်း (အလုပ်သမား)<br>အမှတ် (၁၃၅၃)၊ တကောင်းလမ်း၊<br>(၁၆)ရပ်ကွက်၊ လှိုင်သာယာ(အနောက်ပိုင်း)<br>မြို့နယ်။ ၀၉- ၇၅၉ ၆၇၉ ၆၈၀ | တောင်းဆိုသူ |

နှင့်

| | |
|---|---|
| ဦးညဏ်နိုင်စိုး (အလုပ်ရှင်)<br>ဦးလှမော် (Deputy Manager)၊ Supreme<br>Water Doctor Company Limited<br>(ရေသန့်စက်တပ်ဆင်ခြင်းလုပ်ငန်း)၊ Block-19/C၊<br>ရန်ကုန်-ပုသိမ်လမ်းမကြီး၊ နဝဒေးဥယျာဉ်အိမ်ရာ၊<br>လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်။<br>၀၉-၇၉၉ ၄၆၃ ၇၅၈ | တောင်းဆိုခြင်းခံရသူ |

ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်

ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်-ပုသိမ်လမ်းမကြီး၊ နဝဒေး ဥယျာဉ်အိမ်ရာ၊ ဦးညဏ်နိုင်စိုး (အလုပ်ရှင်) ပိုင်ဆိုင်သော Supreme Water Doctor Company Limited၊ ဦးလှမော် (Deputy Manager) (အလုပ်ရှင်၏ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)နှင့် အလုပ်သမားဦးတင့်နိုင်ဝင်းတို့အကြား ဖြစ်ပွားသောအငြင်းပွားမှုကို လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ လွှဲအပ်ခဲ့သဖြင့် ကြားနာစစ်ဆေး ဆုံးဖြတ်လိုက်သည်။

၂။ ဤခုံသမာဓိအဖွဲ့မှ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာနှင့် စစ်ဆေးခံချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များ ရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်။

**အမှုဖြစ်စဉ်အကျဉ်းချုပ်**

၃။ ယခုအငြင်းပွားမှုသည် Supreme Water Doctor Company Limited၊ မှ ဦးညာဏ်ခိုင်စိုး (အလုပ်ရှင်)၊ ဦးလှမော် (Deputy Manager) (အလုပ်ရှင်၏ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ) က အလုပ်သမား ဦးတင့်နိုင်ဝင်းအား အလုပ်မှအနားပေးလိုက်သဖြင့် ဥပဒေနှင့်အညီ နစ်နာကြေးရရှိလိုသည့်ကိစ္စနှင့်ပတ်သက်၍ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားခဲ့ရာ (၄) ကြိမ်တိုင်တိုင် ညှိနှိုင်းဖြေရှင်းခဲ့သော်လည်း ပြေလည်မှုမရှိခဲ့သဖြင့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သို့ ပေးပို့လာသော အငြင်းပွားမှုဖြစ်ပါသည်။

ကောက်ချက်။ ယာဉ်မောင်းဦးတင့်နိုင်ဝင်းအား အလုပ်ရှင်မှ အနားပေးမှုအပေါ် ဥပဒေနှင့်အညီ နစ်နာကြေး ရထိုက်ခွင့် ရှိ/ မရှိ။

**စစ်ဆေးတွေ့ရှိချက်**

၄။ အလုပ်သမားဦးတင့်နိုင်ဝင်း(ယာဉ်မောင်း) က ထွက်ဆိုတင်ပြရာတွင် Supreme Water Doctor Company Limited (ရေသန့်စက်တပ်ဆင်ခြင်းလုပ်ငန်း)တွင် ၂၀၁၈ ခုနှစ်မှ စတင်ဝင်ရောက်ပြီး ယာဉ်မောင်းရာထူးဖြင့် (၂)သိန်းကျော်ရရှိခဲ့ပါကြောင်း၊ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် (EC) မရှိပါကြောင်း၊ အလုပ်ရှင်မှ ဦးတင့်နိုင်ဝင်းအား ကျန်းမာရေးမကောင်းသဖြင့် အလုပ်ရပ်နားခဲ့ပါကြောင်း၊ ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှစ၍ အဆုတ်ရောဂါ (တီဘီရောဂါ) ဖြစ်၍ တီဘီဆေးအား (၆)လတိတိသောက်ခဲ့ပါကြောင်း၊ ယာဉ်မောင်းအနေဖြင့် ပစ္စည်းပို့ရခြင်း၊ အလုပ်သမား အကြို၊ အပို့လုပ်ရပါကြောင်း၊ တီဘီဆေး (၆)လ စားနေစဉ်အတွင်း ယာဉ်မောင်းအလုပ်ကို တခါတရံသာလုပ်ရပြီး ရုံးတက်ခဲ့ရပါကြောင်း၊ လစာနှင့် အခြားထောက်ပံ့ကြေး အပြည့်ရရှိခဲ့ပါကြောင်း၊ လစာမဲ့ခွင့်တစ်လယူပြီး ရုံးပြန်တက်သည့် (၈/၂၀၂၄)လတွင် ယာဉ်မောင်းအလုပ်ကို မလုပ်ရတော့ဘဲ အလုပ်ပုံမှန်ဆင်းခဲ့ပါကြောင်း၊ သို့သော်အလုပ်ရှင်က ကျန်းမာကြောင်း ထောက်ခံချက်တောင်းရာ ကျန်းမာကြောင်း ထောက်ခံချက်မပြနိုင်သဖြင့် (၂၅-၈-၂၀၂၄)ရက်နေ့တွင် အလုပ်ရှင်မှ အလုပ်အနားပေးခဲ့ပါကြောင်း၊ ကျန်းမာကြောင်းထောက်ခံချက်ရရှိလျှင် အလုပ်ပြန်ခန့်ပေးမည် ပြောသဖြင့် (၁၈-၉-၂၀၂၄)ရက်နေ့တွင် ဒေသန္တရကျန်းမာရေးဌာနမှ ထောက်ခံချက်

ရယူခဲ့ပါကြောင်း၊ လူမှုဖူလုံရေးဝင်ထားသော်လည်း လူမှုဖူလုံရေးရုံးတွင် ဆေးကုသမှုမပြုခဲ့ဘဲ ဒေသန္တရကျန်းမာရေး (အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း) ဖြင့် ကုသခဲ့ပါကြောင်း၊ (၂၅-၈-၂၀၂၄) ရက်နေ့တွင် အလုပ်ရှင်မှ အလုပ်အနားပေးသည့်စာ ရရှိခဲ့ပြီးမှ ကျန်းမာကြောင်း ထောက်ခံချက် ရရှိခဲ့သဖြင့် အလုပ်ရှင်မှ အလုပ်ပြန်ခန့်သော်လည်း ကျွန်တော်အနေဖြင့် အလုပ် လုပ်နိုင်စွမ်းမရှိတော့၍လည်းကောင်း၊ အလုပ်လုပ်ရန် အလုပ်ရှင်နှင့် အဆင်မပြေဖြစ်မည် စိုးရိမ် ရပါသဖြင့် ဥပဒေနှင့်အညီ နစ်နာကြေးရရှိလိုပါကြောင်း ထွက်ဆိုတင်ပြခဲ့ပါသည်။

၅။ အလုပ်ရှင်၏ကိုယ်စားလှယ်လွှဲစာရရှိသူ (Deputy Manager) ဦးလှမော်က ထွက်ဆို တင်ပြရာတွင် Supreme Water Doctor Company Limited၊ (ရေသန့်စက်တပ်ဆင်ခြင်း လုပ်ငန်း) သည် (၁၉-၁-၂၀၁၅) ရက်နေ့တွင် စတင်ဖွင့်လှစ်ပြီး အလုပ်ရှင်မှာ ဦးညဏ်ခိုင်စိုးဖြစ်ပါ ကြောင်း၊ စက်ရုံရှိလူဦးရေမှာ ကျား(၂၈)ဦး၊ မ(၁၉)ဦး၊ စုစုပေါင်း(၄၇)ဦးရှိပြီး ရေသန့်စက်ဖြင့် ပတ်သက်သည့် ပစ္စည်းများ ရောင်းချခြင်း လုပ်ငန်းများလုပ်ကိုင်ပါကြောင်း၊ အလုပ်သမားများနှင့် EC စာချုပ်ချုပ်ဆိုမထားပါကြောင်း၊ ဦးတင့်နိုင်ဝင်း စတင်အလုပ်ဝင်သည့်နေ့သည် (၅-၃-၂၀၁၈) ရက်နေ့ဖြစ်ပြီး ယာဉ်မောင်းရာထူးဖြင့် လစာ- အခြေခံလစာ ၁၄၄၀၀၀ိ/+ ထောက်ပံ့ကြေး ၅၀၀၀၀ိ/၊ Performance ၂၅၀၀၀ိ/ စုစုပေါင်း ၂၁၉၀၀၀ိ/ ရရှိပါကြောင်း၊ ယာဉ်မောင်း ဦးတင့်နိုင်ဝင်းသည် ယာဉ်မောင်းသည့်အခါ ဘရိတ်နင်းထားမှန်းမသိ၊ တခါတရံ ဖိနပ်ကျွတ် သည်ကိုပင် မသိသည့်အတွက် အန္တရာယ်ရှိသောကြောင့် ယာဉ်မောင်းအလုပ်ကို အချိန်ပြည့် မလုပ်နိုင်းတော့ပါကြောင်း၊ တီဘီရောဂါဖြစ်၍ ဆေးစားနေစဉ်အတွင်း ယာဉ်မောင်းအလုပ်ကို တစ်ခါတစ်ရံသာ လုပ်နိုင်းပြီး လုပ်ခလစာမဖြတ်ဘဲ အလုပ်ဆင်းခိုင်းခဲ့ပါကြောင်း၊ (၁၄-၆-၂၀၂၄) ရက်နေ့မှစ၍ ယာဉ်မောင်းတာဝန်မပေးတော့ဘဲ ၎င်းအစား အခြေခံယာဉ်မောင်းတစ်ဦး အစား ထိုးတာဝန်ပေးအပ်ခဲ့ပြီး ဦးတင့်နိုင်ဝင်းအား (၇/၂၀၂၄) လတွင် လစာမဲ့ခွင့်တစ်လ ပေးအပ်ခဲ့ပါ ကြောင်း၊ လစာမဲ့ခွင့်ခံစားပြီး၍ ရုံးပြန်တက်သည့်အချိန်တွင် ကျန်းမာရေး ပြန်လည်ကောင်းမွန် ကြောင်း အထောက်အထားမှတ်တမ်းများ တောင်းခဲ့ရာ တင်ပြခြင်းမရှိသည့်အပြင် မည်သည့် တစ်ဦးတစ်ယောက်ကိုမျှ သတင်းပေးပို့ခြင်းမရှိဘဲ မိမိသဘောဖြင့် မိမိဝန်ထမ်းများ တန်းစီဇယား တွင် လက်မှတ်ရေးထိုးထားသည်ကို တွေ့ရှိရသဖြင့် အုပ်ချုပ်ရေးဌာနမှ ခေါ်ယူသတိပေးခဲ့ ပါကြောင်း၊ ဦးတင့်နိုင်ဝင်း၏ ကျန်းမာရေးအခြေအနေအရ လုပ်ငန်းထမ်းဆောင်ရန် အဆင် မပြေသဖြင့် လုပ်ငန်းမှအနားပေးခဲ့ပြီး ကျန်းမာရေးအခြေအနေကောင်းမွန်လာပါက ပြန်လည်

လမ်းသောင်ရန် တွေ့ဆုံပြောဆိုခဲ့ပါကြောင်း၊ ရင်းတောင်းဆိုသော ဥပဒေနှင့်အညီ နစ်နာကြေး မပေးနိုင်ပါကြောင်းနှင့် အလုပ်ပြန်ခန့်ပေးမည်ဖြစ်ပါကြောင်း ထွက်ဆိုတင်ပြခဲ့ပါသည်။

**သုံးသပ်ချက်**

၆။ ယာဉ်မောင်းဦးတင့်နိုင်ဝင်းသည် (၅-၃-၂၀၁၈) ရက်နေ့မှ စ၍ ယာဉ်မောင်းရာထူး (လစာ ၂၁၉၀၀၀ိ/-) လုပ်ကိုင်ခဲ့ပြီး အရာတ်ရောဂါကြောင့်ကျန်းမာရေး မကောင်းသဖြင့် ကျန်းမာရေး ကောင်းမွန်ကြောင်း အထောက်အထားတောင်းရာ တင်ပြခဲ့ခြင်းမရှိ၍ ၂၅-၈-၂၀၂၄ ရက်နေ့တွင် အလုပ်ရှင်မှ လုပ်ငန်းဆောင်ရွက်ရန် အဆင်မပြေသောကြောင့် အလုပ်မှ အနားပေးခဲ့ကြောင်း သုံးသပ်ရရှိပါသည်။

၇။ အလုပ်ရှင်မှ ဦးတင့်နိုင်ဝင်းအား ကျန်းမာရေးကောင်းကြောင်း ထောက်ခံချက်ရှိလျှင် အလုပ်ပြန်ခန့်ပေးမည်ဟု ပြောသော်လည်း အလုပ်ရှင်မှ အလုပ်ကအနားပေးစာ ထုတ်ပြန်ပြီး ယာဉ်မောင်းနေရာ အစားထိုးခန့်ထားပြီးမှ ဦးတင့်နိုင်ဝင်း၏ ကျန်းမာရေးထောက်ခံချက် တောင်းခံခဲ့ကြောင်း သုံးသပ်ရသည်။ အလုပ်ရှင်အနေဖြင့် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တွင် ညှိနှိုင်းစဉ်က အလုပ်ပြန်လည်ခန့်ထားခြင်းမရှိဘဲ ယခုခုံသမာဓိအဖွဲ့ အငြင်းပွားမှု စစ်ဆေးမှ အလုပ်ပြန်လည်ခန့်ထားမည်ဟု တင်ပြသော်လည်း အလုပ်သမားဦးတင့်နိုင်ဝင်းက အလုပ်ပြန် လုပ်ရန် ဆန္ဒမရှိတော့ဘဲ မူလတောင်းဆိုသည့်အတိုင်း နစ်နာကြေးသာရယူလိုကြောင်း သုံးသပ် ရသည်။ အလုပ်ရှင်နှင့် အလုပ်သမား နှစ်ဦးနှစ်ဖက်တို့မှာ သဘောထားရပ်တည်ချက် မတူသည့် အနေအထားကိုတွေ့ရသည်။ အလုပ်သမားသည် (၆)နှစ်ကျော် အလုပ်လုပ်ကိုင်ခဲ့ပြီး ကျန်းမာရေး ကောင်းမွန်ကြောင်း ထောက်ခံစာပေးပို့ရန် နောက်ကျခဲ့ခြင်းသာ အပြစ်ရှိသောကြောင့် (နစ်နာကြေး မဟုတ်သော) ထောက်ပံ့ကြေးအနေဖြင့် ပေးသင့်ကြောင်း သုံးသပ်၍ အောက်ပါအတိုင်း ဆုံးဖြတ် လိုက်သည်။

**ဆုံးဖြတ်ချက်။** ယာဉ်မောင်း ဦးတင့်နိုင်ဝင်းအား အလုပ်ရှင်မှ ငွေကျပ် ၈၀၀၀၀၀ိ/- (ကျပ်ရှစ်သိန်းတိတိ) ပေးရန် ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင် ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၈။ တောင်းဆိုသူအား ပေးရန်ရှိသော ငွေများကို ဤဆုံးဖြတ်ချက် ချမှတ်သည့်နေ့ရက်မှစ၍ ရက်ပေါင်း (၃၀) အတွင်း ပေးရမည်။

မှတ်ချက်။ (၁) ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ခုနစ်ရက် အတွင်း ခုံသမာဓိကောင်စီ၏ အဆုံးအဖြတ်ခံယူရန် အငြင်းပွားသူ တစ်ဖက်ဖက်မှ လျှောက်ထားနိုင်သည်။

(၂) မှတ်ချက် (၁) ပါအတိုင်း ဆောင်ရွက်ခြင်းမပြုလုပ်လျှင် ဆုံးဖြတ်ချက်များကို သတ်မှတ်သည့်နေ့ရက်အတွင်း နှစ်ဖက်စလုံးက လိုက်နာဆောင်ရွက်ရမည်။

(ဇင်ကောသွယ်)
အတွင်းရေးမှူး

(လွင်လွင်မြင့်)
ဥက္ကဋ္ဌ

(ကျော်ရှိန်)
အဖွဲ့ဝင်

(ကျင်အေး)
အဖွဲ့ဝင်

(ဒေါက်တာခင်မောင်ဝင်းအေး)
အဖွဲ့ဝင်

( လစ်လပ် )
အဖွဲ့ဝင်

(မြင့်အောင်)
အဖွဲ့ဝင်

(ကျော်ကျော်ညွှန့်)
အဖွဲ့ဝင်

(စောတင်)
အဖွဲ့ဝင်

( စိုးလွင် )
အဖွဲ့ဝင်

(ငြိမ်းမောင်)
အဖွဲ့ဝင်